အတွဲ - ၁၊ အမှတ်-၄၊ ၂၀၂၂ ခုနှစ်၊ မတ်လ။

MPRL E&P Pte Ltd.

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

# တို့မန်းမြေ သတင်းလွှာ

## မြန်မာနှစ်သစ်ကူးအခါသမယတွင်
## ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်ငြိမ်းချမ်းကြပါစေကြောင်း
## ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ရွေ့လျားဆေးပေးခန်းဖွင့်လှစ်၍ မန်းရေနံမြေဒေသခံများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ် ပြန်လည်စတင်



မန်းရေနံမြေဒေသခံများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးရွာအရောက် အခမဲ့ ပံ့ပိုးပေးလျက်ရှိသည့် ရွေ့လျားဆေးပေးခန်းများကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် ကျေးရွာအလိုက် သတ်မှတ်နေရာများတွင် ဖွင့်လှစ်ပံ့ပိုးခဲ့သည်။ လူမှုစီးပွား အခက်အခဲများနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကူးစက်ပြန့်ပွားမှုများသည့်ကာလတွင် ကျေးရွာနေ ဒေသခံများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးဝန်ဆောင်မှုများနှင့် ကျန်းမာရေးအသိပညာများကို လွယ်ကူစွာရရှိစေနိုင်ရန် ရည်ရွယ်၍ ရွေ့လျားဆေးပေးခန်းများကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရန် MPRL E&P CSR လုပ်ငန်း အဖွဲ့ဝင်များက စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



ရွေ့လျားဆေးပေးခန်းတွင် တာဝန်ခံဆရာဝန်အဖြစ်ဒေသခံဆရာဝန်တစ်ဦး အသစ်ခန့်အပ်၍ ဒေသခံ ကျန်းမာရေးအထောက်အကူပြု ဝန်ထမ်း (၂) ဦး၊ ဒေသခံစေတနာ့ဝန်ထမ်း (၁) ဦးတို့ဖြင့် သတ်မှတ်နေရာများတွင် သတ်မှတ်အချိန်များအတိုင်း ပြသနိုင်မည့် လူနာဦးရေ သတ်မှတ်၍ အလှည့်ကျ လှည့်လည်ဖွင့်လှစ်ပေးလျက်ရှိသည်။

ရွေ့လျားဆေးပေးခန်းသို့ လာရောက်ပြသမည့်သူများအနေဖြင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်ပြီးမှ လာရောက်ပြသနိုင်ခြင်း၊ လူနာမှတ်တမ်းရယူရာတွင် အကာအရံခြားနား ၍ စာရင်းရေးသွင်းခြင်း၊ ကိုယ်အပူချိန်ကြိုတင်စမ်းသပ်ခြင်းနှင့် ဆေးခန်းဝင်ပေါက်၊ ထွက်ပေါက်များကြားတွင် ပလပ်စတစ်အကာအရံများထားရှိခြင်းဖြင့် ဆေးခန်းသို့လာရောက်ပြသမည့်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်း သတ်မှတ်ချက်များကို ထုတ်ပြန်ထားပြီး စနစ်တကျလက်ခံကုသပေးလျက်ရှိသည်။ လက်ရှိအချိန်တွင် မန်းရေနံမြေထိစပ်ကျေးရွာများဖြစ်သည့် ကျွဲချ၊ ကြာကန်၊ လေးအိမ်တန်းနှင့် လက်ပံတပင်ကျေးရွာတို့တွင် အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာနေ့တိုင်း နံနက် (၉) နာရီမှ မွန်းတည့် (၁၂) နာရီအထိ ဖွင့်လှစ်၍ ကျေးရွာဒေသခံများအနက် အသက်အရွယ်ကြီးရင့်သူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များကို ဦးစားပေးအုပ်စုသတ်မှတ်၍ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့် ကာလအတွင်း ကျန်းမာရေးထိခိုက်နိုင်ခြေရှိသည့် အသက်အရွယ်အုပ်စုများကို အနီးကပ် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းလည်းဖြစ်သည်။

စာမျက်နှာ - ၅ ➤

# စိုက်ပျိုးတောင်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပံ့ပိုးခြင်းဖြင့် မန်းဒေသ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်

## မန်းဒေသရှိ စိုက်ပျိုးတောင်သူများအတွက် ငါးအမိုင်နိုရှက်ဖြန်းအားတိုးဆေးထုတ်လုပ်နည်းပို့ချ

မန်းရေနံမြေဒေသရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသည့် တောင်သူများအနေဖြင့် သီးနှံအထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ရွက်ဖြန်းအားတိုးဆေး လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ငါးအသုံးပြု ထုတ်လုပ်သည့် ငါးအမိုင်နိုရွက်ဖြန်းအားတိုးဆေး ထုတ်လုပ်နည်း လက်တွေ့သရုပ်ပြသင်ကြားခြင်း (Fish Amino Acid Making Hands-on Training) ကို MPRL E&P (CSR အစီအစဉ်) ဖြင့် ဘဏ္ဍာနှစ်အလိုက် ပံ့ပိုးနိုင်ခဲ့သည်။ ငါးအမိုင်နိုရွက်ဖြန်း အားတိုးဆေး ထုတ်လုပ်နည်းသင်တန်းများကို ကျေးရွာအလိုက် ပို့ချလျက်ရှိရာ မန်းကျိုး၊ ကျွဲချနှင့် လက်ပံတပင်ကျေးရွာတို့တွင် သင်တန်း သား (၄၇) ဦး အတွက် လက်တွေ့သရုပ်ပြသင်တန်းများကိုပို့ချနိုင်ခဲ့သည်။ သင်တန်းတွင် သင်တန်းသားများက ငါးအမိုင်နိုရွက်ဖြန်း အားတိုးဆေးများကို လက်တွေ့ ပြုလုပ်လေ့ကျင့်ခဲ့ကြပြီး CSR လုပ်ငန်းအဖွဲ့ဝင် ကွင်းဆင်းဝန်ထမ်း ဦးဝင်းကိုက လက်တွေ့သရုပ်ပြသင်ကြားခဲ့သည်။



ငါးအမိုင်နိုရွက်ဖြန်းအားတိုးဆေးသည် သေးငယ်သည့် ငါးကလေးများနှင့် ငါးစွန့်ပစ်ပစ္စည်းများကို အခြေခံထုတ်လုပ်ထားသည့် အရည်တစ်မျိုးဖြစ်ပြီး အမိုင်နိုအက်ဆစ်နှင့် အားဖြစ်စေသည့် သဘာဝပစ္စည်းများ ပါဝင်မှုကြောင့် အပင်၊ မြေကြီးနှင့် အခြားသက်ရှိများအတွက် ကောင်းမွန်သည့် မြေဩဇာတစ်မျိုးလည်းဖြစ်သည်။ ထို့ပြင် နိုက်ထရိုဂျင်ကြွယ်ဝစွာပါဝင်သည့် အဆိုပါ ငါးအမိုင်နိုရွက်ဖြန်း အားတိုးဆေးသည် သီးနှံစိုက်ပျိုးသည့်ကာလတွင် သီးနှံဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုနိုင်သည့် သဘာဝအားတိုးဆေးလည်းဖြစ်သည်။ ဥယျာဉ်ခြံစိုက်ပျိုးတောင်သူအစုအဖွဲ့အနေဖြင့် CSR လုပ်ငန်းအဖွဲ့၏ ကြီးကြပ်မှုဖြင့် လက်ရှိတွင် သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးပုလင်းများကို တစ်ပုလင်းလျှင် ကျပ် (၂,၀၀၀/) နှုန်းဖြင့် ထုတ်လုပ် ရောင်းချလျက်ရှိသည်။





## မန်းတောင်သူအစုအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေး ကုန်စည်ပွဲရုံတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

မကွေးမြို့ရှိ မြင့်မြတ်တော်ဝင်ပွဲရုံမှ တာဝန်ရှိသူများက လေးအိမ်တန်းကျေးရွာရှိ တောင်သူအဖွဲ့များနှင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း လာရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ တောင်သူများ၏ ကုလားပဲနှင့် ပဲစိမ်းငုံ ထုတ်ကုန်များကို တစ်ဦးချင်း ရောင်းဝယ်ပါက ဈေးကစားခြင်း၊ ဈေးနှိမ်ခြင်းများ ဖြစ်နိုင်သည့်အတွက် အစုအဖွဲ့ဖြင့် စုစည်းရောင်းချခြင်းဖြင့် ဈေးကွက်အခွင့်အလမ်းပိုမိုရရှိနိုင်မည် ဖြစ်၍ တောင်သူများ၏ စိုက်ပျိုးရေးထုတ်ကုန်များကို စုပေါင်းရောင်းချနိုင်ရန် လာရောက် ဆွေးနွေးခြင်းဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲသို့ တောင်သူ (၁၀) ဦးနှင့် မန်းရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး စိုက်ပျိုးရေးထုတ်ကုန်များကို အစုအဖွဲ့ဖြင့်ရောင်းချခြင်း၏ အားသာချက်၊ အားနည်းချက်နှင့် ဈေးကွက်အခြေအနေများကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။



## ကုလားပဲနှင့်နေကြာသီးနှံများစတင်ရိတ်သိမ်းခြင်း

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းမန်းရေနံမြေဒေသရှိ ကုလားပဲနှင့်နေကြာစိုက်တောင်သူများအချို့က သီးနှံရိတ်သိမ်းလျက်ရှိပြီး အချို့စိုက်ကွက်များမှာ ရိတ်သိမ်းရန် ပြင်ဆင်လျက်ရှိသည်။ အဆိုပါ ကုလားပဲနှင့်နေကြာသီးနှံများ ရိတ်သိမ်းပြီးပါက ဈေးကွက်ဝင်သီးနှံများအဖြစ် ရောင်းချနိုင်ရန် သက်ဆိုင်ရာ တောင်သူအစုအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။



အလားတူ တောင်သူ ဦးသိန်းနိုင်၏ စပ်မျိုးနေကြာ စမ်းသပ်စိုက်ကွက် (၂.၅) ဧကရှိ နေကြာများကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ရိတ်သိမ်းခဲ့ပြီး နေကြာအမများကို မျိုးအဖြစ် ပြန်လည်စိုက်ပျိုး ထုတ်လုပ်ရန်နှင့် နေကြာဖိုများကို နေကြာဆီထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

## ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်ရောင်းချမှုအခြေအနေ

အလားတူ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ်မှ စတင်၍ စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ဈေးကောင်းရခဲ့သည့် ခရမ်းချဉ်စိုက်ပျိုးတောင်သူများသည် လက်ကျန်သီးနှံရိတ်သိမ်းမှုများကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း ဆောင်ရွက်ခဲ့ပြီး မန်းကျိုး၊ ကြာကန်နှင့် ကျွဲချကျေးရွာများမှ ခရမ်းချဉ်စိုက်ပျိုး တောင်သူ စုစုပေါင်း (၁၈) ဦး ၏ ခရမ်းချဉ်စိုက်ကွက် ဧက (၇.၂၅) ဧက မှ ခရမ်းချဉ် စုစုပေါင်းပိဿာချိန် (၄၇,၁၀၀) ထွက်ရှိခဲ့ပြီး ဒေသတွင်းဈေးကွက်တွင် ဈေးနှုန်းမြင့်မားစွာရရှိသည့် အချိန်တွင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ မန်းရေနံမြေတွင် နှစ်အလိုက် ခရမ်းချဉ်စိုက်ပျိုးတောင်သူဦးရေ တိုးတက်လျက်ရှိပြီး မန်းရေနံမြေဒေသထွက် ခရမ်းချဉ်သီးများ၏ ဈေးကွက်ရရှိမှု မြင့်မားခဲ့ခြင်းကြောင့် လာမည့်နှစ်စိုက်ပျိုးရာသီတွင် ခရမ်းချဉ် စိုက်ပျိုးထုတ်လုပ်မှုကို စိတ်ပါဝင်စားပြီး တိုးတက်လုပ်ကိုင်လိုကြသည့် တောင်သူများလည်း များပြားလျက်ရှိသည်။ စာမျက်နှာ - ၄ ➤



တို့မန်းမြေ သတင်းလွှာ

တို့မန်းမြေ သတင်းလွှာသည် MPRL E&P Pte Ltd. ၏ မူပိုင်ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် တို့မန်းမြေ သတင်းလွှာနှင့် သတင်းလွှာဆိုင်ရာ လိုဂိုအမှတ်အသား၊ သတင်းလွှာတွင်ရေးသားထားသည့် သတင်းနှင့် ဆောင်းပါးများကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ကူးယူ၍ တဆင့်ပြန်လည်ထုတ်ဝေခြင်း ခွင့်မပြုပါ။

**စာတည်း**
မိုးသူဇာစိုး
moe.tz.soe@mprlexp.com

ပြည့်ပြည့်ဖြိုး
pyae.p.phyo@mprlexp.com

**ဒီဇိုင်း**
ထက်နိုင်ဝင်း
htet.n.win@mprlexp.com

**MPRL E&P Pte Ltd.**
**CSR & Communications Department**

Vantage Tower - အမှတ် (၆၂၃)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်
ဖုန်း - ၀၁ ၂၃၀ ၇၇၃၃
ဖက်စ် - ၉၅ ၁ ၂၃၀ ၇၇၄၄
အီးမေးလ် - mprlstaff@mprlexp.com
ဝက်ဘ်ဆိုဒ် - www.mprlexp.com

# MPRL E&P ၏ ပညာသင်ဆုရ စက်မှုသင်တန်းကျောင်း သင်တန်းသား (၇) ဦးအား အနီးကပ်ကြီးကြပ်ပြီး လိုအပ်သည်များပံ့ပိုးလျက်ရှိ

MPRL E&P သည် မန်းရေနံမြေဒေသခံများအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံလူငယ်များ အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူခွင့် ရရှိနိုင်ရန် ဒေသတွင်းပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ရာ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အတွက် MPRL E&P ၏ ပညာသင်ဆုဖြင့် အမှတ် (၅) စက်မှု သင်တန်းကျောင်း (မကွေး) တွင် တစ်နှစ်သင်တန်း တက်ရောက်လျက်ရှိသည့် မန်းရေနံမြေ ဒေသခံသင်တန်းသား (၇) ဦးနှင့် စဉ်ဆက်မပြတ်တွေ့ဆုံ၍ လိုအပ်သည်များ ပံ့ပိုးလျက်ရှိသည်။



အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) တွင် တက်ရောက်လျက်ရှိသည့် သင်တန်းသားများနှင့်သွားရောက်တွေ့ဆုံခြင်း

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း CSR လုပ်ငန်းအဖွဲ့ဝင်များက မကွေးမြို့ရှိ အမှတ် (၅) စက်မှုသင်တန်းကျောင်းသို့ သွားရောက်၍ တစ်နှစ်သင်တန်းများကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် စာတွေ့လက်တွေ့ သင်ယူလျက်ရှိသည့် မန်းရေနံမြေ ဒေသခံ သင်တန်းသား၊ သင်တန်းသူ (၇) ဦးနှင့် သွားရောက်တွေ့ဆုံ၍ MPRL E&P ၏ ပညာသင်ဆုပေးအပ်သည့် အစီအစဉ်ဆိုင်ရာ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး လစဉ်ပုံမှန်ထောက်ပံ့ကြေးနှင့်စားစရိတ်များ ပေးအပ်ခဲ့ပြီး သင်တန်းတက်ရောက်မှု အခြေအနေနှင့် အခက်အခဲများရှိပါက ဖြေရှင်းဆောင်ရွက်နိုင်ရန် မေးမြန်း အားပေးဆွေးနွေးခဲ့သည်။




အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) တွင်
သင်တန်းတက်ရောက်ခွင့်ရရှိသည့် မန်းရေနံမြေ ဒေသခံလူငယ် (၇) ဦး




စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန စက်မှုသင်တန်းကျောင်း (၆) ကျောင်းရှိသည့်အနက် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) သည် တစ်ခုအပါအဝင်ဖြစ်ပြီး အဆိုပါသင်တန်းကျောင်းတွင် “စက်မှုကျွမ်းကျင် (၁)နှစ် သင်တန်း” အမှတ်စဉ် (၁၀) သို့ မန်းရေနံမြေထိစပ်ကျေးရွာများဖြစ်သည့် မန်းကျိုးကျေးရွာ ဒေသခံ လူငယ် (၃) ဦး၊ ပေါက်ကုန်းကျေးရွာဒေသခံလူငယ် (၂) ဦး၊ ကွဲချကျေးရွာ ဒေသခံလူငယ် (၁) ဦးနှင့် လေးအိမ်တန်း ကျေးရွာဒေသခံ လူငယ် (၁) ဦးတို့ တက်ရောက်လျက်ရှိသည်။

## ဆေးဝါးကျွမ်းကျင်နှင့် ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းသားများ ရန်ကုန်မြို့ရှိ ရေဝတီသင်ကြားရေး ဆေးရုံတွင် လက်တွေ့လေ့ကျင့်သင်ကြားလျက်ရှိ

MPRL E&P CSR အစီအစဉ်ဖြင့် ပညာသင်ဆုရရှိပြီး ရေဝတီ သင်တန်းကျောင်း (မင်းဘူး) က ဖွင့်လှစ်ပို့ချလျက်ရှိသည့် “ဆေးဝါးကျွမ်းကျင်နှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ (၂) လတာ သင်တန်း”ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တက်ရောက်ခွင့်ရရှိခဲ့သည့် မန်းရေနံမြေ ဒေသခံလူငယ် (၅) ဦးသည် မင်းဘူးမြို့ရှိ သင်တန်းကျောင်းတွင် ဆေးဝါးနှင့်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဘာသာရပ်များကို စာတွေ့လေ့လာပြီး ရန်ကုန်မြို့ရှိ ရေဝတီ သင်ကြားရေးဆေးရုံတွင် လက်တွေ့ လေ့လာသင်ယူလျက်ရှိသည်။

အဆိုပါသင်တန်းသား (၅) ဦး၏ ပညာသင်ဆုအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကုန်ကျစရိတ် စုစုပေါင်း ကျပ် ၄,၁၁၀,၀၀၀/ (ကျပ်လေးဆယ့် တစ်သိန်း တစ်သောင်း) ခန့် အသုံးပြု၍ ပံ့ပိုးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် သင်တန်းပြီးဆုံး အောင်မြင်သည့် သင်တန်းသားများ အတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်များ ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ■



# အခြေခံရှေးဦးပြုစုခြင်းသင်တန်း (Basic First Aid Training) မန်းရေနံမြေဒေသခံများအတွက် ဖွင့်လှစ်ပို့ချ

MPRL E&P ကုမ္ပဏီ၏ CSR & Communications ဌာနမှ တာဝန်ရှိသူများသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် မန်းရေနံမြေဒေသခံများအတွက် စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် ဒေသခံများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ရှေးဦးပြုစုခြင်းကို အခြေခံမှစ၍ စနစ်တကျသင်ယူနိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီ (မင်းဘူး) နှင့်ပူးပေါင်းပြီး အခြေခံရှေးဦးပြုစုခြင်းသင်တန်းကို ၂၀၂၂ ခုနှစ် မတ်လ (၁) ရက်နေ့တွင် မန်းရေနံမြေထိစပ်ကျေးရွာဖြစ်သည့် အောက်ကျောင်းကျေးရွာ၌ ဖွင့်လှစ်ပို့ချခဲ့သည်။





အခြေခံရှေးဦးပြုစုနည်းသင်တန်း တက်ရောက်လိုသည့် သင်တန်းသားများကို လူတွေ့စစ်ဆေး မေးမြန်းခြင်း



ကြက်ခြေနီကြီးကြပ်မှုကော်မတီ (မင်းဘူး) ၏
တာဝန်ခံအရာရှိနှင့် တွေ့ဆုံဆွေးနွေးခြင်း

MPRL E&P CSR လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါသင်တန်းနှင့် စပ်လျဉ်း၍ ကနဦးကာလများတွင် မင်းဘူးမြို့နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ၏ တာဝန်ခံအရာရှိနှင့်တွေ့ဆုံ၍ သင်တန်းပို့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ သင်ထောက်ကူပစ္စည်းများ ကြိုတင်ပြင်ဆင်ရေး၊ သင်တန်းသား ရွေးချယ်ရာတွင် စိတ်ပါဝင်စားမှု၊ သင်တန်းပို့ချသည့်အတိုင်း လိုက်နာဆောင်ရွက်နိုင်မှုနှင့် သင်တန်းပြီးဆုံးပါက ရပ်ရွာ၏ စေတနာ့ဝန်ထမ်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို ဆန်းစစ်ပြီး လူတွေ့မေးမြန်းဆွေးနွေးပြီး သင်တန်းသားအတည်ပြုစာရင်း ရယူနိုင်ရေးတို့ကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့သည်။

အဆိုပါသင်တန်းကို မတ်လ (၁) ရက်နေ့မှ (၃) ရက်နေ့အထိ (၃) ရက်တာ ဖွင့်လှစ်ပို့ချခြင်းဖြစ်ပြီး လူမှုကူညီရေးလုပ်ရှားမှုများကို စိတ်ပါဝင်စားသည့် မန်းရေနံမြေဒေသခံ (၁၉) ဦး တက်ရောက်သင်ယူခဲ့သည်။ ■











အခြေခံရှေးဦးပြုစုနည်းသင်တန်း ဖွင့်လှစ်ပို့ချခြင်း

စာမျက်နှာ-၂ မှ အဆက် ➤

## မျိုးစေ့ဘဏ်လုပ်ငန်းစဉ်အရ မျိုးစေ့စုဆောင်းခြင်းနှင့် လာမည့်နှစ်စိုက်ပျိုးရာသီအတွက် ကြိုတင်ပြင်ဆင်ခြင်း

၂၀၂၁ ခုနှစ် စိုက်ပျိုးရာသီတွင် ခရမ်းချဉ်နှင့်ငရုတ်တောင်သူ (၁၈) ဦး အတွက် ခရမ်းချဉ်မျိုးစေ့ (၂၄) ထုပ်နှင့် ငရုတ်မျိုးစေ့ (၉) ထုပ် တို့ကို MPRL E&P (CSR အစီအစဉ်) ဖြင့် ဖြန့်ဝေခဲ့ပြီး အဆိုပါမျိုးစေ့များကို မျိုးစေ့ဘဏ်၏ လုပ်ငန်းတစ်ရပ်အနေဖြင့် ပြန်လည်သိမ်းဆည်းပြီး လာမည့်နှစ် စိုက်ပျိုးရာသီတွင် စိုက်ပျိုးရန် သိုလှောင်ထားရှိမည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းစဉ်နှင့်အတူ MPRL E&P ၏ ပံ့ပိုးမှုဖြင့် ခရမ်းချဉ်တောင်သူများက မြေဩဇာထိန်းသိမ်းသည့်စနစ်ဖြင့် ခရမ်းချဉ်စိုက်ပျိုး ထုတ်လုပ်နည်းကို အသုံးပြုစိုက်ပျိုးလျက်ရှိရာ အဆိုပါ စိုက်ပျိုးနည်းဖြင့် လာမည့်နှစ်စိုက်ပျိုးရာသီတွင် မူလစိုက်ပျိုးသည့် တောင်သူများနှင့် ပိုမိုတိုးချဲ့စိုက်ပျိုးလိုသည့် တောင်သူများအတွက် မျိုးစေ့နှင့်မြေဩဇာထိန်း ပလပ်စတစ်များလုံလောက်စွာ ပံ့ပိုးနိုင်ရေးအတွက် CSR လုပ်ငန်းအဖွဲ့ဝင်များက ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ■





မျက်နှာဖုံးမှ အဆက် ➤

ရွှေ့လျားဆေးပေးခန်းများကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေဒေသခံများအတွက် အခမဲ့ပံ့ပိုးခဲ့ပြီး ၂၀၂၀ ခုနှစ်၊ ဧပြီလတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်သည့်အနေဖြင့် လူစုလူဝေးဖြင့် ရှိနိုင်သည့် လုပ်ငန်းဖြစ်၍ လူနာများနှင့် ဝန်ထမ်းများ၏ ကျန်းမာရေးကို ရှေးရှုကာ (၂၂) လကြာ ယာယီရပ်ဆိုင်းထားခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ် -၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပံ့ပိုးခဲ့ခြင်းဖြစ်သည်။ ရွှေ့လျားဆေးပေးခန်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် MPRL E&P CSR လုပ်ငန်း အဖွဲ့ဝင်များက ဆေးပေးခန်း



ရွှေ့လျားဆေးပေးခန်းတွင် တာဝန်ခံဆရာဝန်အဖြစ် ပါဝင်အားဖြည့်ဆောင်ရွက်နိုင်ရန် ဒေသခံဆရာဝန်နှင့် တွေ့ဆုံခြင်း

အသုံးပြုသည့် ဒေသခံများ၊ စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆေးပေးခန်းလိုအပ်ချက်နှင့် လိုလားချက်များ၊ ဆေးပေးခန်း ဖွင့်လှစ်ခြင်း၏ အားသာချက်များနှင့် လူနာများ၏စိတ်ကျေနပ်မှုများကို စစ်တမ်းကောက်ယူဆန်းစစ်ဖော်ထုတ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားသည့် ကာလများအတွင်း ကျန်းမာရေး စောင့်ရှောက်မှုရရှိရန် အခက်အခဲများရှိခဲ့သည့်အတွက် ဒေသခံများ၏ လိုအပ်ချက်အရ ပြန်လည်ဖွင့်လှစ်ပံ့ပိုးခဲ့ခြင်းဖြစ်သည်။



ရွှေ့လျားဆေးပေးခန်းတွင် တာဝန်ထမ်းဆောင်မည့် ကျန်းမာရေးဝန်ထမ်းများ၊ ဒေသခံစေတနာ့ဝန်ထမ်းများနှင့် ကြိုတင်တွေ့ဆုံဆွေးနွေးခြင်း



ရွှေ့လျားဆေးပေးခန်းဖွင့်လှစ်ခဲ့သည့် မူလနေရာများကို ပြန်လည်စစ်ဆေးပြီး ဆေးပေးခန်းပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်း



ရွှေ့လျားဆေးပေးခန်းဖွင့်လှစ်ရေးတွင် ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများနှင့် ကျန်းမာရေးအထောက်အကူပြုဝန်ထမ်းများကို ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ကြိုတင်စစ်ဆေးခြင်း

ဆေးပေးခန်းစတင်ဖွင့်လှစ်သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့မှ မတ်လ (၁၈) ရက်နေ့အထိ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် ကလေးငယ်များပါဝင်သည့် ဒေသခံ (၇၈၄) ဦး လာရောက်ပြသခဲ့ပြီး အပတ်စဉ်သတ်မှတ်နေရာ၊ သတ်မှတ်အချိန်အလိုက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ပံ့ပိုးနိုင်ရေး စနစ်တကျဆောင်ရွက်လျက်ရှိသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ မှ ၂၀၂၀ ခုနှစ်၊ ဧပြီလအထိ ဖွင့်လှစ်ခဲ့သည့် ရွှေ့လျားဆေးပေးခန်းများကို MPRL E&P ၏ရေနံမြေတာဝန်ခံ ဆရာဝန်နှစ်ဦးက အလှည့်ကျ စေတနာ့ဝန်ထမ်းဆောင်ရွက်ပေးခဲ့ပြီး ကျေးလက်ကျန်းမာရေးဝန်ထမ်းနှင့် ဒေသခံစေတနာ့ဝန်ထမ်းများ၏ အကူအညီဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။ ■



ရွှေ့လျားဆေးပေးခန်း ပြန်လည်ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာ ဒေသခံများအား အသိပေးကြေညာခြင်း




ရွှေ့လျားဆေးပေးခန်းပြန်လည်ဖွင့်လှစ်ပြီး မန်းရေနံမြေဒေသခံများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း

# ဘေးကင်းလုံခြုံပြီး သာယာလှပသည့် ကျောင်းပတ်ဝန်းကျင်ဖြစ်ရေး MPRL E&P ပံ့ပိုးဆောင်ရွက်

## ကြာကန်ကျေးရွာကျောင်းအဆောက်အဦ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း

မန်းရေနံမြေ ထိစပ်ကျေးရွာတစ်ခုဖြစ်သည့် ကြာကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ အလျား (၅၀) ပေ၊ အနံ (၂၀) ပေရှိသည့် ကျောင်းအဆောက်အဦ၏ မျက်နှာကျက်၊ ကြမ်းခင်း၊ နံရံ၊ ကော်ရစ်တာများ၊ လက်ရန်းများ ပြန်လည်ပြုပြင်မွမ်းမံမှုများကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပြီး စာသင်ဆောင်နှင့် ကျောင်းရှေ့ရင်ပြင်တွင် ကျောင်းနေအရွယ်ကလေးများ ဆော့ကစားနိုင်မည့် စီးဆောတစ်ခုပါ ထည့်သွင်းတည်ဆောက်ခဲ့သည်။ အဆိုပါ ကျောင်းအခြေခံ အဆောက်အဦ တည်ဆောက်မှုအားလုံးအတွက် MPRL E&P က စုစုပေါင်းကျပ် ၆,၁၀၂,၈၀၀/ (ကျပ်ခြောက်ဆယ့် တစ်သိန်း နှစ်ထောင့်ရှစ်ရာ) နှင့် ရပ်ရွာနေပြည်သူများက ကျပ် ၄၈၇,၁၀၀/ (ကျပ်လေးသိန်း ရှစ်သောင်း ခုနစ်ထောင့်တစ်ရာ) ပါဝင်ပူးပေါင်းပံ့ပိုးမှုဖြင့် ပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့တွင် လုပ်ငန်းပြီးစီးခဲ့သည်။




ပညာရေးအလှူရှင်

ဂုဏ်ပြုမှတ်တမ်းလွှာ

၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ ကြာကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဆောင် (အကျယ်အဝန်း - အလျား ၅၀ ပေ၊ အနံ ၂၀ ပေ) ပြုပြင်မွမ်းမံခြင်းအတွက် ကုန်ကျစရိတ် စုစုပေါင်း ကျပ် ၆,၁၀၂,၈၀၀/ (ကျပ်ခြောက်ဆယ့်တစ်သိန်းနှစ်ထောင့်ရှစ်ရာတိတိ) ကို MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးပါသဖြင့် ဤဂုဏ်ပြုမှတ်တမ်းလွှာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

လက်မှတ်
အမည်
ကျေးရွာအုပ်ချုပ်ရေးမှူး ကြာကန်ကျေးရွာ
ကျောင်းကော်မတီ ကြာကန်ကျေးရွာ
ကျောင်းအုပ်ဆရာမကြီး အခြေခံပညာအလယ်တန်းကျောင်း၊ ကြာကန်ကျေးရွာ

ရက်စွဲ ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ (၅) ရက်



ကြာကန်ကျောင်းအဆောက်အဦ
မပြုပြင်မီနှင့် ပြုပြင်ပြီးအခြေအနေ



## လေးအိမ်တန်းကျေးရွာစာသင်ကျောင်းရှိစာကြည့်တိုက်မျက်နှာကျက်တပ်ဆင်ခြင်း၊ လျှောက်လမ်းမျက်နှာကျက်နှင့် ကြမ်းခင်းများ ပြုပြင်မွမ်းမံခြင်း

MPRL E&P သည် ၂၀၂၁-၂၀၂၂ Contract Year အတွင်း ဒေသတွင်းအခြေခံအဆောက်အဦ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ကျောင်းအဆောက်အဦ ပြုပြင်မွမ်းမံ ထိန်းသိမ်း မှုများ အတွက် ကြာကန်၊ လေးအိမ်တန်းနှင့် ချင်တောင် ကျေးရွာများရှိ စာသင်ကျောင်းများကို ဦးစားပေး အစီအစဉ်သတ်မှတ်ဆောင်ရွက်ခဲ့သည်။ အဆိုပါအစီအစဉ်အရ လေးအိမ်တန်းကျေးရွာ စာသင်ကျောင်းရှိ စာကြည့်တိုက်အဆောက်အဦ မျက်နှာကျက်တပ်ဆင်ခြင်း၊ ကျောင်းဆောင်လျှောက်လမ်း မျက်နှာကျက်နှင့် လက်ရန်းများ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းတို့ကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ဆောက်လုပ်ရေးလုပ်ငန်းအားလုံးပြီးစီးခဲ့သည်။ အဆိုပါ ကျောင်းအဆောက်အဦ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းအတွက် MPRL E&P က စုစုပေါင်း ကျပ် ၅,၅၀၀,၀၀၀/ ပံ့ပိုးခဲ့ပြီး လေးအိမ်တန်းကျေးရွာနေ ပြည်သူများက ကျပ် ၂၀၆,၂၉၀/ နှင့် ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျပ် ၁၀၀,၀၀၀/ တို့ကို ပူးပေါင်းပါဝင်ခဲ့ရာ စုစုပေါင်း ကျပ် ၅,၈၀၆,၂၉၀/ အကုန်အကျခံ၍ ပံ့ပိုးခဲ့ခြင်း ဖြစ်သည်။






ထို့ပြင် MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေရှိ အခြေခံပညာကျောင်းများတွင် တပ်ဆင်ထားသည့် ရေသန့်စက်များ၏ ကြံ့ခိုင်မှုအခြေအနေပုံမှန်စစ်ဆေးမှုများကို ၂၀၂၂ ခုနှစ် မတ်လအတွင်း ဆောင်ရွက်ခဲ့ပြီး ရေသန့်စက်များ စနစ်တကျအသုံးပြုခြင်း၊ ရေရှည်ကောင်းမွန်စေရန် ထိန်းသိမ်းနည်းတို့ကို သက်ဆိုင်ရာကျောင်းအလိုက် ပြန်လည် ရှင်းလင်းပြသခဲ့သည်။ ■

### ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်ခဲ့သည့် ဒေသတွင်းအခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စဉ် | ကျေးရွာအမည် | နေရာ | ပံ့ပိုးသည့် ပစ္စည်းနှင့် လုပ်ငန်းများ | လွှဲပြောင်းပေးအပ်သည့် နေ့စွဲ |
|---|---|---|---|---|
| ၁။ | မယ်ဘော့ကုန်း | အခြေခံပညာအထက်တန်းကျောင်း | စာရေးခုံနှင့် ထိုင်ခုံ (၁၆) စုံ | ၂၀၂၁ ခုနှစ်၊ ဇွန်လ (၃)ရက် |
| ၂။ | မန်းကျိုး | အခြေခံပညာအလယ်တန်းကျောင်း | ကျောင်းဝင်ဂိတ်နှင့် တံခါးတပ်ဆင်ခြင်း | ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက် |
| ၃။ | ကြာကန် | အခြေခံပညာအလယ်တန်းကျောင်း | ဗီဒို (၂) လုံး၊ မှန်ဗီဒို (၂)လုံး၊ စာအုပ်စင် (၂) စင်။ | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက် |
| ၄။ | နန်းဦး | ရွာလယ်လမ်း | (၅၀ ပေ x ၁၀ပေ ) အကျယ်ရှိ ကွန်ကရစ် ခင်း ခြင်းနှင့် (၁၅ ပေ x၈ ပေ) အကျယ်ရှိ ရေမြောင်းတူးဖော်ခြင်း | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၂) ရက် |
| ၅။ | မယ်ဘော့ကုန်း | အခြေခံပညာအထက်တန်းကျောင်း | စာသင်ခုံနှင့် ထိုင်ခုံ (၄) စုံ၊ စားပွဲခုံ (၂) ခုံ ၊ စာအုပ်စင် (၂) စင်၊ ဗီဒို (၂) လုံး နှင့် စာရေးခုံ (၈) ခုံ၊ သိပ္ပံခန်းသုံး ခုံတန်းရှည် (၁၆) လုံး | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက် |
| ၆။ | ကြာကန် | အခြေခံပညာအလယ်တန်းကျောင်း | (၅၀ ပေx ၂၀ ပေ) ရှိ အဆောက်အဦ ပြုပြင်မွမ်းမံ ထိန်းသိမ်းခြင်း | ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက် |
| ၇။ | လေးအိမ်တန်း | အခြေခံပညာအလယ်တန်းကျောင်း | စာကြည့်တိုက် မျက်နှာကျက် တပ်ဆင်ခြင်း၊ ကျောင်း အဆောက်အဦ လျှောက်လမ်း ကြမ်းခင်းနှင့် မျက်နှာကျက် ပြုပြင်ခြင်း | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀ )ရက် |
| ၈။ | ချင်တောင် | အခြေခံပညာမူလတန်းကျောင်း | ကျောင်းဝင်ဂိတ်တည်ဆောက်ခြင်း | ၂၀၂၂ခုနှစ်၊ မတ်လ (၂၅) ရက် |
| ၉။ | အောက်ကျောင်း | အခြေခံပညာအလယ်တန်းကျောင်း | သူငယ်တန်းစာသင်ခန်းအတွက် စာအုပ်စင်နှင့်လွယ်အိတ်စင် ပံ့ပိုးခြင်း | ၂၀၂၂ ခုနှစ်၊ မတ်လ (၂၂) ရက် |











# မန်းရေနံမြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

MPRL E&P သည် မန်းရေနံမြေဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရသည့်အပြင် မကွေးတိုင်းဒေသကြီး အတွင်းရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့များ၊ ဒေသခံများ၊ စေတနာ့ဝန်ထမ်းများ၊ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့်အတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ -၂၀၂၂ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်တွင် လုပ်ငန်းဆက်စပ်လုပ်ကိုင်လျက်ရှိသည့် အဖွဲ့အစည်းအသီးသီး၏ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

## မန်းရေနံမြေ အထွေထွေမန်နေဂျာက CSR လုပ်ငန်းဆောင်ရွက်ချက်များကို ပုံမှန်ကွင်းဆင်းလေ့လာခြင်း

၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးခွန်မျိုးသန့်က MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဒေသတွင်း အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာကြည့်ရှုခဲ့သည်။ ကွင်းဆင်းလေ့လာမှုတွင် မယ်ဘော့ကုန်းကျေးရွာ စာသင်ကျောင်းဆောင်ပြုပြင်မွမ်းမံပြီးစီးမှုနှင့် သိပ္ပံခန်းများအတွက် ကျောင်းသုံး ပရိဘောဂပစ္စည်းများ ပံ့ပိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည်များကို ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့သည်။



မန်းရေနံမြေအထွေထွေမန်နေဂျာက CSR လုပ်ငန်းစီမံချက်ရှိရာနေရာများသို့ ကွင်းဆင်းလေ့လာခြင်း



## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (မကွေး) ၏ ဦးစီးအရာရှိနှင့်တွေ့ဆုံခြင်း

မန်းရေနံမြေဒေသခံများနှင့်သင့်လျော်သည့် ကုန်ထုတ်လုပ်မှုများ တိုးချဲ့ဆောင်ရွက်နိုင်မည့် သက်မွေး ပညာသင်တန်းများ သင်ကြားပို့ချနိုင်ရန်နှင့် မန်းရေနံမြေ ဒေသထွက် ခရမ်းချဉ်သီးများကို ယိုထိုးနည်း၊ ခရမ်းချဉ်သီးဆော့စ်ပြုလုပ်နည်းနှင့် ခရမ်းချဉ်သီးခြောက်များ ပြုလုပ်နိုင်မည့် တန်ဖိုး မြှင့် စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းများ ပံ့ပိုးနိုင်ရေးအတွက် MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များက ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း မကွေးမြို့ရှိ အသေးစားစက်မှုလက်မှုလုပ်ငန်း၏ ဦးစီးအရာရှိနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။






အသေးစားစက်မှုလက်မှုလုပ်ငန်း (မကွေး) မှ ဦးစီးအရာရှိနှင့် တွေ့ဆုံဆွေးနွေးခြင်း



## mangoSTEEMS (Thailand) အဖွဲ့အစည်းနှင့် အွန်လိုင်းစနစ်ဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း

လူထုအခြေပြုဗဟိုဌာန (Community Center) အစီအစဉ်စတင်နိုင်ရေးအတွက် iGroup ၏ mangoSTEEMS (Thailand) အဖွဲ့အစည်းနှင့်ချိတ်ဆက်၍ စီမံကိန်း ဧရိယာများရှိ သတ်မှတ်နေရာများတွင် တည်ငြိမ်သည့်အင်တာနက်စနစ် ပံ့ပိုးနိုင်ရေး၊ mangoSTEEMS Myanmar အနေဖြင့် မြန်မာနိုင်ငံအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ကလေးသူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဒေသခံပညာရေးဝန်ထမ်းများအတွက် သင်တန်းပို့ချနိုင်ရေးတို့ကို Zoom Meeting ဖြင့် ဆွေးနွေးခဲ့ပြီး လိုအပ်သည်များ ကြိုတင်ပံ့ပိုးဆောင်ရွက်နိုင်ရန် မေးမြန်းခဲ့သည်။




mangoSTEEMS (Thailand) အဖွဲ့အစည်းနှင့် အွန်လိုင်းစနစ်ဖြင့်ချိတ်ဆက်ဆောင်ရွက်ခြင်း

## ဖြဟ္မစိုရ်နာရေးကူညီမှုအသင်း၏ တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း

MPRL E&P CSR လုပ်ငန်းအဖွဲ့ဝင်များသည် မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ရှိ ဖြဟ္မစိုရ်နာရေးကူညီမှုအသင်းသို့ သွားရောက်ပြီး အသင်းဆိုင်ရာလုပ်ငန်းများ၊ အောက်ဆီဂျင်ဖြည့်သည့် စက်တပ်ဆင်ထားရှိမှု၊ လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ပံ့ပိုးကူညီရာတွင် ငှားရမ်းလုပ်ကိုင်ဆောင်ရွက်ရမှုကြောင့် တွေ့ကြုံရသည့် အခက်အခဲများကို လေ့လာဆန်းစစ်နိုင်ရန် သက်ဆိုင်ရာအသင်းတာဝန်ခံများနှင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ■





ဖြဟ္မစိုရ်နာရေးကူညီမှုအသင်း၏ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း

# စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးအသိပညာပေးခြင်းနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာသည့် Trash Hero Minbu အမှိုက်ကောက်လှုပ်ရှားမှုများ

MPRL E&P ကုမ္ပဏီ၏ CSR လုပ်ငန်းအဖွဲ့ဝင်များသည် မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာရှိ ဒေသခံများအတွက် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေး၏ အရေးပါပုံနှင့် လိုက်နာဆောင်ရွက်သင့်သည်များကို ကျေးရွာအလိုက် အခါအားလျော်စွာ အသိပညာမျှဝေလျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျွဲချနှင့် မန်းကျိုးကျေးရွာရှိ ဒေသခံများအတွက် အသိပညာမျှဝေနိုင်ခဲ့သည်။




ဒေသခံများကို စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်း

ကိုဗစ်-၁၉ ကူးစက်မြန်ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု မြင့်မားသည့်ကာလအတွင်း ယာယီရပ်နားခဲ့သည့် Trash Hero Minbu အမှိုက်ကောက်သူရဲကောင်းအဖွဲ့၏ စုပေါင်းအမှိုက်ကောက်ခြင်း အစီအစဉ်များကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့တွင် ပြန်လည်စတင်နိုင်ခဲ့ပြီး မန်းရေနံမြေ ထိစပ်ကျေးရွာများတွင် အလှည့်ကျ အမှိုက်ကောက်လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း Trash Hero Minbu အမှိုက်ကောက်သူရဲကောင်း အဖွဲ့သည် လေးအိမ်တန်း၊ လက်ပံတပင် နှင့် နန်းဦး ကျေးရွာတို့တွင် စုစုပေါင်းဒေသခံ အင်အား (၅၁) ဦးက အမှိုက်အိတ်ပေါင်း (၂၅) အိတ်ပါ အမှိုက်ကီလို (၁၂၅) ကီလိုကို စုပေါင်းကောက်ယူနိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လေးအိမ်တန်း၊ အေးမြနှင့်နန်းဦး ကျေးရွာတို့မှ အမှိုက်ကောက်သူရဲကောင်း (၃၂) ဦးက အမှိုက် (၁၀) အိတ်ပါ အမှိုက်ကီလို (၅၀) ကို ကောက်ယူသိမ်းဆည်းနိုင်ခဲ့သည်။ အလားတူမတ်လအတွင်း နန်းဦးကျေးရွာ၏ အမှိုက်ကောက်သူရဲကောင်း (၆) ဦးက အမှိုက်အိတ် (၆) အိတ်ပါ အမှိုက်ကီလို (၃၀) ကို ကောက်ယူသိမ်းဆည်းနိုင်ခဲ့သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်အတွင်း CSR လုပ်ငန်းအဖွဲ့ဝင်များက အမှိုက်သိမ်း ဝန်ဆောင်မှုပေးလျက်ရှိသည့် ဦးသိန်းနိုင်နှင့်သွားရောက်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်လုပ်ကိုင်ရသည့် အခြေအနေနှင့် သုံးဘီးအမှိုက်သိမ်းယာဉ်၏ လိုင်စင်သက်တမ်းအခြေအနေတို့ကို မေးမြန်းဆွေးနွေးခဲ့သည်။■



အမှိုက်သိမ်းဝန်ဆောင်မှုပေးသည့် ဦးသိန်းနိုင်နှင့်တွေ့ဆုံခြင်း







စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုပြဇယား



၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း လေးအိမ်တန်း၊ လက်ပံတပင်နှင့် နန်းဦးကျေးရွာတို့တွင် စုပေါင်းအမှိုက်ကောက်ယူခြင်း




၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း အမှိုက်သိမ်းဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် လေးအိမ်တန်း၊ အေးမြနှင့်နန်းဦး ကျေးရွာအမှိုက်ကောက်လှုပ်ရှားမှုများ


# ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် စတုတ္ထသုံးလပတ်အတွင်း ရရှိခဲ့သည့် အကြံပြုစာ (၃) စောင်အတွက် အလေးထား ဖြေရှင်းဆောင်ရွက်ပြီးဖြစ်

ကုမ္ပဏီနှင့်ဒေသခံများအကြား ကျေးရွာစေတနာ့ဝန်ထမ်းများ၏ ပေါင်းကူးဆက်သွယ် ဆောင်ရွက်ပေးမှုဖြင့် MPRL E&P ကုမ္ပဏီသည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို မန်းရေနံမြေတွင် ၂၀၁၄ ခုနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အဆိုပါလုပ်ငန်းစဉ်ကြောင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ဒေသခံများနှင့် ကုမ္ပဏီအဖွဲ့အစည်းအကြား နှစ်ဦးနှစ်ဘက် ယုံကြည်မှု တည်ဆောက်နိုင်ပြီး ရေရှည်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အထောက်အပံ့ဖြစ်စေခဲ့သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်အတွင်း မန်းရေနံမြေနှင့်ထိစပ်ကျေးရွာများဖြစ်သည့် မယ်ဘော့ကုန်းနှင့် ချင်တောင်ကျေးရွာတို့ရှိ ဒေသခံများထံမှ ကုမ္ပဏီ၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက် (သို့မဟုတ်) သက်ရောက်မှု၊ နစ်နာမှု တစ်စုံတစ်ရာရှိကြောင်း ပေးပို့လာသော အကြံပြုစာလွှာ စုစုပေါင်း (၃) စောင် လက်ခံရရှိခဲ့ရာ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ ပေးပို့လာသော အကြံပြုစာ အရေအတွက် စုစုပေါင်း (၁၅၆) စောင်ရှိပြီဖြစ်သည်။




၂၀၁၄ ခုနှစ်မှ ယနေ့အထိ လက်ခံရရှိသည့်အကြံပြုစာများနှင့် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုများ





၂၀၁၄ ခုနှစ်မှ ယနေ့အထိ
အကြံပြုစာစုစုပေါင်းနှင့် ဆိုင်းငံ့ဖြစ်ရပ်များ




အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ
အရေးကြီးစွမ်းဆောင်ရည်ပြအညွှန်းကိန်း
(၂၀၁၄ ခုနှစ်မှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ)

တင်ပြလာသည့်ဖြစ်စဉ်များကို MPRL E&P ၏ မန်းရေနံမြေ စီမံခန့်ခွဲရေးအဖွဲ့ (Field Operations Team) နှင့် သက်ဆိုင်ရာဌာနများပူးပေါင်း၍ စစ်ဆေးပြုပြင်မှုများ ပြုလုပ်ခဲ့ပြီးနောက် အကြံပြုလွှာများကို အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့သည်။ အဆိုပါ အကြံပြုဆွေးနွေးချက်များကို MPRL E&P အနေဖြင့် အလေးထားဖြေရှင်းပေးခဲ့သည့်အတွက် အကြံပြုစာပေးပို့သူဘက်မှ ကျေနပ်မှု ရာနှုန်းပြည့် ရရှိခဲ့ခြင်းဖြစ်သည်။ ■




၂၀၁၄ ခုနှစ်မှ ယနေ့အထိ လက်ခံရရှိသည့်အကြံပြုစာများနှင့် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုများ




## မန်းရေနံမြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် စတုတ္ထသုံးလပတ်ကာလအတွင်း MPRL E&P ကုမ္ပဏီများအုပ်စုအတွင်း ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ရေနံတူးဖော်ထုတ်လုပ်ရေးဆိုင်ရာ အသိပညာ ဗဟုသုတများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ မန်းရေနံမြေတွင် ပြန်လည်ဖွင့်လှစ်ပြီး မန်းရေနံမြေဒေသခံများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ရွှေလျားဆေးပေးခန်းများ ပြန်လည်ဖွင့်လှစ်ခြင်း၊ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်အတွက် မြန်မာ့နှစ်သစ်ဦးဆုမွန်လွှာနှင့် အခြားစိတ်ဝင်စားဖွယ် ခေါင်းစဉ်များ ပါဝင်ပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် Insight! သတင်းလွှာ အမှတ် (၃၀) နှင့် မန်းရေနံမြေတွင် ဆောင်ရွက်လျက်ရှိသည့် CSR လုပ်ငန်းများကို မြန်မာဘာသာဖြင့် ရေးသားထားသည့် တို့မန်းမြေ သတင်းလွှာ အမှတ် (၄) တို့ကို ထုတ်ဝေခဲ့သည်။

MPRL E&P ကုမ္ပဏီများအုပ်စု၏ အမှုဆောင်အရာရှိချုပ်ဖြစ်သည့် ဦးမိုးမြင့်၏ အတ္ထုပ္ပတ္တိအဖြစ် စာရေးဆရာ ဟိန်းလတ် ရေးသားပြုစုတင်ပြသည့် "မြန်မာ့စွမ်းအင် လူချွန်လူကောင်း" ဟူသည့် စာအုပ်ကို စိတ်ကူးချိုချို စာအုပ်တိုက်မှ ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း ထုတ်ဝေခဲ့ပြီး စာအုပ်မိတ်ဆက်ပွဲကို ၂၀၂၂ ခုနှစ်၊ မတ်လ (၁၃) ရက်နေ့တွင် ရန်ကုန်ရွက်လှေအသင်း၌ ပြုလုပ်ခဲ့သည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်အတွင်း CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ သုံးလပတ် အစီရင်ခံစာ၊ ခြောက်လပတ်အစီရင်ခံစာ၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ အစီရင်ခံစာများ၊ Insight! သတင်းလွှာ အမှတ် (၃၀) နှင့် တို့မန်းမြေ သတင်းလွှာ အမှတ် (၄) တို့ကို ထုတ်ဝေဖြန့်ချိခဲ့သည်။




MPRL E&P ကုမ္ပဏီများအုပ်စု၏ အမှုဆောင်အရာရှိချုပ်၏ အတ္ထုပ္ပတ္တိစာအုပ်





Insight! သတင်းလွှာ အမှတ် (၃၀) ထုတ်ဝေဖြန့်ချိခြင်း


အဆိုပါ အစီရင်ခံစာနှင့် သတင်းလွှာများကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆက်သွယ်ပေးပို့ အစီရင်ခံပြီးဖြစ်ကာ MPRL E&P ကုမ္ပဏီများအုပ်စုမှ ဝန်ထမ်းများအနေဖြင့် ဌာနတွင်း ဆက်သွယ်သည့် မီဒီယာများနှင့် ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်တို့တွင် ဖတ်ရှုနိုင်ပြီး လုပ်ငန်းဆက်စပ် လုပ်ကိုင်သူများ အနေဖြင့် ကုမ္ပဏီ၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.mprlexp.com တွင် ဖတ်ရှုလေ့လာ နိုင်ပြီဖြစ်သည်။ ■



တို့မန်းမြေ သတင်းလွှာ
အမှတ် (၄) ထုတ်ဝေဖြန့်ချိခြင်း




၂၀၂၁-၂၀၂၂ Contract Year CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ ဒုတိယခြောက်လပတ် အစီအရင်ခံစာ




၂၀၂၁-၂၀၂၂ Contract Year CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ စတုတ္ထသုံးလပတ် အစီအရင်ခံစာ



တို့မန်းမြေ သတင်းလွှာ အမှတ် (၃) ကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ချိခြင်း

အလားတူ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် စတုတ္ထသုံးလပတ်အတွင်း MPRL E&P ၏ CSR လုပ်ငန်း ဆောင်ရွက်ချက်များကို သုံးသပ်တင်ပြထားသည့် သုံးလပတ် အစီရင်ခံစာများကို သက်ဆိုင်ရာ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံသို့ ပေးပို့တင်ပြနိုင်ခဲ့သည်။

ကျောဖုံးမှ အဆက်



မြေနေရာ ရှင်းလင်းတာ၊ မြေယာပြုပြင်တာနဲ့ ရေအရင်းအမြစ်ရရှိနိုင်ဖို့ ကိစ္စတွေမှာလည်း ကျောင်းအုပ်ကြီးနဲ့ ကျောင်းအုပ်ချုပ်ရေး တာဝန်ရှိသူတွေ၊ ကျွန်မတို့ရဲ့ စေတနာ့ဝန်ထမ်းတွေရဲ့ အင်အားနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ CSR လုပ်ငန်းအဖွဲ့ဝင်တွေကတော့ ရန်ကုန်ကရော၊ ကျွန်မတို့ မန်းကပါ အတူပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ "စိမ်းလန်းစိုပြေ တို့ကျောင်းမြေ" အစီအစဉ်လေးက ကျွန်မတို့ မန်းဒေသက ကျောင်းသားတွေအတွက် နေချင့်စဖွယ်၊ ပညာသင်ရမယ့် ကျောင်းလေးတွေအဖြစ် မကြာခင် ပုံပေါ်လာတော့မှာပါ။" ဟု မန်းရေနံမြေ တွင် CSR လုပ်ငန်းများကို ကွင်းဆင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိသည့် CSR Field Coordinator ဒေါ်လွဲလွဲခိုင်က ဆိုသည်။

"စိမ်းလန်းစိုပြေ တို့ကျောင်းမြေ" အစီအစဉ်သည် မန်းရေနံမြေဒေသရှိစာသင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ အတွက် စိတ်အပန်းဖြေစရာအဖြစ် MPRL E&P CSR လုပ်ငန်း အဖွဲ့ မန်နေဂျာဦးဆောင်ကာ စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် အကောင်အထည်ဖော်ပြီး အသေးစိတ် ဆောင်ရွက်ခဲ့သည့် အစီအစဉ်တစ်ခုဖြစ်သည်။ အစီအစဉ်ကြောင့် အားလပ်ချိန်တွင် ကျောင်းသားများ အပန်းဖြေနားခိုနိုင်ခြင်း၊ စာအံခြင်း၊ စာကျက်ခြင်း၊ ပုံဆွဲလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ဆရာ၊ ဆရာမများကလည်း သစ်ပင်ပန်းစိုက်ပျိုးပုံ၊ မြေဆွေးစပ်နည်းများ၊ အပင်များ၏ အမျိုးအမည်များကို ကျောင်းသားကျောင်းသူများထံ လက်တွေ့ရှင်းလင်းပြသမှုဝေနိုင်ပြီဖြစ်ပြီး သစ်ပင်ပန်းမန်များ ကြီးထွားလာချိန်တွင် ယခုထက်ပိုမို၍ သာယာစိုပြေသည့် ပတ်ဝန်းကျင်တစ်ခု ဖြစ်လာမည် ဖြစ်သည်။



၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးအတွက် မယ်ဘော့ကုန်းကျေးရွာနှင့် လက်ပံတပင် စာသင်ကျောင်းများ၏ ကျောင်းရှေ့ ရင်ပြင်တွင် ယုဇန၊ စိန်တချူ၊ သူဌေးဝါဒ၊ ခရာနွယ်၊ ညမွှေးပန်း၊ တရုတ်စကားပန်း၊ စံကားဝါ၊ စံကားဖြူ၊ ဂျပန်မီးပုံး၊ သနပ်ခါးပန်း၊ အုန်းမွှားပင်၊ ရေတမာနှင့် ရောင်စုံစက္ကူပန်းများ စိုက်ပျိုးထားရှိပြီး ဖြစ်သည်။ ထို့အပြင် အရိပ်ရ အပင်များနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊ မြေစိုက်ဘောင်များ ပြုလုပ်၍ ခရမ်းချဉ်၊ ငရုတ်နှင့် ချဉ်ပေါင်ပင်များစိုက်ပျိုးထားရှိခြင်း၊ စားပွဲနှင့် ထိုင်ခုံတန်းများ၊ ခုံတန်းရှည်များ တပ်ဆင်ထားရှိခြင်း၊ တာယာစီးတန်းများ တပ်ဆင်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ အစီအစဉ်နှင့်ပတ်သက်၍ "ဒီအစီအစဉ်က MPRL E&P (CSR အစီအစဉ်) ရဲ့ ရှေးရှုဆောင်ရွက်မှုကြောင့် ဖြစ်လာတာပါ။ ကျောင်းပတ်ဝန်းကျင် သာယာအောင် လုပ်ရတာမှာ စိတ်ကူးစိတ်သန်းကောင်းတွေတင်မကဘဲ ငွေအား၊ လူအားကလည်း အရေးပါပါတယ်။ ဒီလို အကောင်အထည်ဖော်နိုင်ဖို့ သက်ဆိုင်ရာ ပညာရေးမှူးရုံးရဲ့ ခွင့်ပြုချက်ရအောင် CSR လုပ်ငန်းအဖွဲ့ဝင်တွေနဲ့အတူ ဆောင်ရွက်ခဲ့ပါတယ်။ ဒီကျောင်းရဲ့ အုပ်ချုပ်သူအနေနဲ့ သာယာလှပနေမယ့် ကိုယ့်ကျောင်းလေးအတွက် ကျေနပ်ဂုဏ်ယူမိပါတယ်။ ကျောင်းသာယာလှပရေး ရေရှည်ဖြစ်ထွန်းအောင် CSR လုပ်ငန်းအဖွဲ့ဝင်တွေနဲ့ သဘောတူဆောင်ရွက်ထားတဲ့အတိုင်း ဆက်လက် ထိန်းသိမ်းနိုင်ဖို့ ကျွန်တော်တို့ဘက်က ကြိုးပမ်းသွားမှာပါ။ အခုဆိုရင် မျက်စိပသာဒဖြစ်ပြီး စိတ်ကြည်လင်အေးချမ်းတယ်။ ကျောင်းသားတွေမှာလည်းအလှည့်ကျအသင်းလိုက် တာဝန်ပေးထားတဲ့အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ စုပေါင်းဆောင်ရွက်တတ်ပြီး ပူးပေါင်းဆောင်ရွက်တတ်လာတယ်။ လက်ထောက်ပညာရေးမှူးလာတော့ ဒီအစီ အစဉ်က အင်မတန်ကောင်းမွန်တဲ့အတွက် ကျောင်းတိုင်းမှာ ဆောင်ရွက်ပေးနိုင်ရင် ကောင်းမယ်လို့လည်း ပြောသွားပါတယ်။ အစီအစဉ် ဖြစ်မြောက်အောင် ပံ့ပိုးကူညီခဲ့တဲ့ MPRL E&P နဲ့ တက်ညီလက်ညီ ဝိုင်းဝန်းလုပ်အားပေးခဲ့တဲ့ CSR လုပ်ငန်း အဖွဲ့ဝင်တွေ၊ စေတနာ့ဝန်ထမ်းတွေနဲ့ ပါဝင်အားဖြည့်ကြသူ တစ်ဦးတစ်ယောက်ချင်းစီကို အထူးကျေးဇူးတင်ပါတယ်။" ဟု လက်ပံတပင်ကျေးရွာ ကျောင်းအုပ်ဆရာမကြီးက ဆိုသည်။

"စိမ်းလန်းစိုပြေ တို့ကျောင်းမြေ" အစီအစဉ်ကို မယ်ဘော့ကုန်းကျေးရွာနှင့် လေးအိမ်တန်းကျေးရွာတို့ရှိ အခြေခံပညာကျောင်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါအစီအစဉ်အတွက် စုစုပေါင်း ကျပ် ၅,၂၇၉,၁၀၀/ (ကျပ်ငါးဆယ့်နှစ်သိန်းခုနစ်သောင်းကိုးထောင့်တစ်ရာ) အကုန်အကျခံဆောင်ရွက်ခဲ့ပြီး MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးခဲ့ခြင်းဖြစ်သည်။

"အခုဆိုရင် မယ်ဘော့ကုန်း နဲ့ လက်ပံတပင်ကျောင်းတွေမှာ CSR အဖွဲ့ရဲ့ အားထည့်လုပ်ဆောင်မှု၊ ကျောင်းနဲ့ ကျေးရွာပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုတို့ကြောင့် "စိမ်းလန်းစိုပြေ တို့ကျောင်းမြေ" အစီအစဉ်လေးက မန်းရေနံမြေက စာသင်ကျောင်းနှစ်ကျောင်းမှာ အောင်မြင်စွာ လုပ်ငန်းပြီးစီးပြီး သာယာပြီး လှပတဲ့ နေချင့်စဖွယ် စာသင်ကျောင်းလေးဖြစ်လာခဲ့ပါပြီ။ ကျွန်တော်ကိုယ်တိုင်ကလည်း ခရမ်းချဉ်၊ ငရုတ်စိုက်ပျိုးနည်း၊ ပြုစုပျိုးထောင်နည်းတွေကို ကျောင်းသားကျောင်းသူတွေကို လက်တွေ့သရုပ်ပြလုပ်ဆောင်ရတာ၊ သူတို့နဲ့အတူတူ စိုက်ပျိုးရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရတယ်" ဟု မန်းရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင် စိုက်ပျိုးရေးတာဝန်ခံ တစ်ဦးဖြစ်ပြီး မန်ကျိုးကျေးရွာဇာတိဖြစ်သူ ဦးဝင်းကိုက ဝမ်းပန်းတသာ ဆိုသည်။

မန်းရေနံမြေဒေသရှိ အခြေခံပညာကျောင်းများတွင် ကျောင်းနေပျော်၍ စာတော်သော ကျောင်းသားကျောင်းသူများ ပိုမိုတိုးတက်ဖြစ်ထွန်းလာရေးအတွက် "စိမ်းလန်းစိုပြေ တို့ကျောင်းမြေ" အစီအစဉ် မှတဆင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စေတနာ့ဝန်ထမ်းများနှင့် ကျေးရွာနေ ဒေသခံများက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ အနီးကပ် ပူးပေါင်းဆောင်ရွက်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် လုပ်ငန်းဖြစ်အောင် ပံ့ပိုးကူညီသွားနိုင်မည်ဟု မျှော်လင့်မိပါသည်။ ■



## ပန်းကလေးများပွင့်တော့မည်

ဥယျာဉ်မှူးတစ်ဦးအတွက် ပန်းကလေးများပွင့်လန်းလာစေရန် စိတ်အားထက်သန်မှုဖြင့် အစပြုပြီး ကိုယ်တိုင်အားထုတ်ကြိုးပမ်းမှု၊ ရေရှည်ဖြစ်ထွန်းအောင် ဂရုတစိုက်ပျိုးထောင်မှုဖြင့် အနာဂတ်တွင် ပွင့်လန်းလာမည့် ပန်းကလေးများကို စိတ်ကူးမျှော်လင့်ပုံဖော်ရသူဖြစ်သည်။ ဥယျာဉ်မှူးတစ်ဦး၏ ပျော်ရွှင်ကျေနပ်ရဆုံး အချိန်သည်လည်း မိမိပြုစုပျိုးထောင်ခဲ့သည့် ပန်းကလေးများပွင့်တော့မည့် အချိန်ပင်ဖြစ်ပါလိမ့်မည်။



မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P သည် ရေနံမြေနှင့် ထိစပ်ကျေးရွာ (၁၄) ရွာတွင် နေထိုင်ကြသည့် ဒေသခံများအတွက် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ကဏ္ဍအလိုက် ရည်မှန်းချက်ချမှတ်၍ CSR လုပ်ငန်းအစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ကုမ္ပဏီနှင့်သက်ဆိုင်ရာလုပ်ငန်း ဆက်စပ်လုပ်ကိုင်သူများပူးပေါင်း၍ ဒေသခံများ၏ လိုလားချက်နှင့် လိုအပ်ချက်များကို နှစ်စဉ်ဖော်ထုတ်ပြီး နှစ်အလိုက်လျာထားသတ်မှတ်သည့် ဘဏ္ဍာငွေနှင့် ဦးစားပေးလုပ်ငန်း အစီအစဉ်ပေါ်မူတည်၍ CSR လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

“မန်းရေနံမြေက အခြေခံပညာကျောင်းတွေမှာ ကျောင်းသားလူငယ်တွေအတွက် ဘေးကင်းလုံခြုံတဲ့ ကျောင်းပတ်ဝန်းကျင်ဖြစ်ဖို့ ကျောင်းအဆောက်အဦပြုပြင်ထိန်းသိမ်းတဲ့လုပ်ငန်း၊ ကျောင်းခြံစည်းရိုးခတ်ခြင်း၊ ရေအရင်းအမြစ်ကောင်းတွေရရှိဖို့ ရေသန့်စက်တပ်ဆင်ခြင်းလုပ်ငန်း၊ ရေလှောင်ကန် တည်ဆောက်ခြင်း၊ လက်ဆေးစင်များတည်ဆောက်ခြင်း၊ စာသင်ကြားရာမှာ လိုအပ်တဲ့ စားပွဲ၊ ကုလားထိုင်၊ ဗီဒိုစတဲ့ သင်ထောက်ကူပစ္စည်းတွေကို အဓိက ဖြည့်ဆည်းနိုင်ဖို့ MPRL E&P (CSR အစီအစဉ်)







ကနေ ၂၀၁၄ ခုနှစ်ကတည်းက CSR လုပ်ငန်းဆိုင်ရာ မဟာဗျူဟာချမှတ်ပြီး ဘဏ္ဍာရေး နှစ်အလိုက် ဦးစားပေးလုပ်ငန်းတွေအဖြစ် ပံ့ပိုးပေးခဲ့ပါတယ်။ အခုဆိုရင် စာသင်ကျောင်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးနဲ့ ကျောင်းသားကျောင်းသူတွေအနေနဲ့ သစ်ပင်ပန်းမန်တွေ စိုက်ပျိုးပြုစုစောင့်ရှောက်ရေးမှာ ဆရာ၊ ဆရာမတွေနဲ့ အတူ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့ အားလပ်ချိန်တွေမှာ အပန်းဖြေနိုင်ဖို့နဲ့ အသင်းလိုက် ဆောင်ရွက်နိုင်မယ့် လုပ်ငန်းတွေ ပိုမိုတိုးတက်လာစေပြီး ကျောင်းနေပျော်စေဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ “စိမ်းလန်းစိုပြေ တို့ကျောင်းမြေ” အစီအစဉ်ကို MPRL E&P (CSR အစီအစဉ်) ကနေ တဆင့် စိမ်းလန်းစိုပြေတဲ့ ကျောင်းပတ်ဝန်းကျင်ဖြစ်အောင် ဆက်လုပ်သွားမှာပါ။” ဟု MPRL E&P ၏ Senior CSR Officer စောအယ်စာဘလူးထူးက ဆိုသည်။

ယမန်နှစ်များက မန်းရေနံမြေထိစပ်ကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် ဘေးကင်းလုံခြုံရေး အစီအမံများကို ဦးစွာဖြည့်တင်းဆောင်ရွက်ပြီးနောက် ၂၀၂၁-၂၀၂၂ Contract Year အတွင်း ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေး လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရန် “စိမ်းလန်းစိုပြေ တို့ကျောင်းမြေ” အစီအစဉ်ကို စီမံချက်ချမှတ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ အစီအစဉ်အရ မယ်ဘော့ကုန်းနှင့် လက်ပံတပင်ကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် ကနဦးစီမံချက်အနေဖြင့် စတင်အကောင်အထည်ဖော်ခဲ့သည်။

“ကျွန်မတို့ ဒီအစီအစဉ်အတွက် ကျောင်းမြေညှိတာ၊ ကျောက်ချတာ၊ မြေဆွေးဝယ်ယူစုဆောင်းတာ၊ ဘယ်လိုပန်းမန်သစ်ပင်တွေ စိုက်ပျိုးမယ်ဆိုတာအစ ဌာနရဲ့ မန်နေဂျာကိုယ်တိုင် ဦးစီးပြီး အသေးစိတ် ဆောင်ရွက်ခဲ့ပါတယ်။ ဒေသမျိုးရင်း အပင်အချို့က မင်းဘူးမြို့တွင်းမှာပဲ ဝယ်ယူနိုင်ပေမယ့် တချို့ ပန်းပင်တွေကတော့ ရန်ကုန်ကနေ သေချာ သယ်ယူပြီး စိုက်ပျိုးခဲ့တာပါ။

စာမျက်နှာ - ၁၁ ➤



